## ဇယမင်္ဂလာဂါထာတော်

အရှင်ကေလာသ
ဇန်နဝါရီ ၂၀၊ ၂၀၁၆။

---------------

ဆရာတော် ဘုရား .. မကြာမီကမှ သူငယ်ချင်း တစ်ယောက် ပေးပို့လိုက်သော ကုဉ္စန္တော သာသပဂဗ္ဗော ဂါထာမှာ အလွန် အစွမ်းထက်ကြောင်း သိရပါသည်။ ဂါထာတော်၏ အဓိပ္ပာယ်ကို မသိရပါသဖြင့် ဖြစ်နိုင်လျှင် ဆရာတော်မှ ကူညီပေးစေလိုပါသည်။ ထိုဂါထာကို ဘုရားရှင် ဟောကြားခဲ့သလား ဆိုသည်ကိုလည်း သိလို ပါသည်။

မေဝတ်ရည်

--------------------------

### ဒီဂါထာလား

‘ကုဉ္စန္တော သာသပဂဗ္ဗော စက်မန္တော ကုတော’ဝိတော။
ကုဉ္စန္တော စက္ကဝါဠမ္ဗိ၊ အတ္တဘာဝေန ဆာဒယိ’

ဂါထာရဲ့ အဓိပ္ပာယ်ကို မေးတယ်လို့ ယူဆလိုက်မယ်။ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို ဖွဲ့ဆိုတဲ့ မည်သည့် ဂါထာမဆို ဂုဏ်တော်ကို အာရုံပြုနိုင်စွမ်း အားကောင်းရင် ကောင်းသလောက် အကျိုးပေး ထက်တယ်လို့ နားလည်ထားရင် ပိုပြီး အဓိပ္ပာယ် ပြည့်စုံပါတယ်။ ပီပီသသ .. မကြာမကြာ .. ထပ်ခါ ထပ်ခါ .. အဓိဋ္ဌာန်နဲ့ ရွတ်ဖို့လည်း အကြံပြုပါတယ်။

### အသံထွက်

အသံထွက်နဲ့ အဖြတ်အတောက် မှန်ဖို့ ပီသဖို့ အရေးကြီးတယ်။ ကုဉ္စန္တော = ကုစ်ဆန်တော (အိတ်ဆန်တော)။ ကုတ်ဆံတောလို့ မဖတ်မိစေနဲ့)။ ဂဗ္ဗော = ဂဗ်ဘော (ဂပ်ဘော)။ ဂဘောလို့ မဖတ်မိ စေရ)။ စက်မန္တော = စင်ကမန်တော (စင်က–မန်တောလို့ မဖတ်နဲ့)။ စက္ကဝါဠမ္ဗိ = စက်က–ဝါလမ်မိ (စက်ကဝါ–လ–မိလို့ မဖတ်ရ)။ ဆာဒယိ–ကို ဆာဒရိလို့ လျှာလိပ်သံနဲ့ မဖတ်မိစေနဲ့။

### အဓိပ္ပာယ်

ဘဂဝါ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ကုဉ္စန္တော၊ သေးငယ်လေဟန် ပုံသဏ္ဌာန်သွင်း ဖန်ဆင်းတော်မူလိုသည် ရှိသော်။ သာသပဂဗ္ဗော၊ သေးငယ်သိမ်မွေ့ မုံညင်းစေ့ အတွင်း၌။ ကုတော’ဝိတော၊ တုံ့ပြန်ထို၍ လှည့်လည်တော်မူလျက်လည်း။ စက်မတိ၊ ပရိက္ခရာရှစ်တန် ကိုယ်လုံးရံ၍ စကြ်န် တွားတွား ကြွသွားတော်မူနိုင်၏။

ကုဉ္စန္တော၊ ကြီးမားလေဟန် ပုံသဏ္ဌာန်သွင်း ဖန်ဆင်းတော် မူလိုသည်ရှိသော်။ စက္ကဝါလမ္ဗိ၊ စကြဝဠာ ကမ္ဘာစဆုံး တစ်ခုလုံး၌။ အတ္တဘာဝေန၊ ကြီးမားမြင့်မော် ရွှေကိုယ်တော်ဖြင့်။ ဆာဒယိ၊ အကုန်သိမ်းကျုံး လွှမ်းဖုံးတော်မူနိုင်၏။ (တောင်မြို့ မဟာဂန္ဓာရုံဆရာတော်၏ အနက်။)

### မူရင်းဘယ်က

ဦးဝိစိတ္တအမည်ရှိ ရဟန်းတော်က မေးလျှောက်လို့ လုံးတော်ဆရာတော်က နိဿယအနက် ပြန်ပေးခဲ့ဖူးပါ တယ်။ အားလုံး ၁၂–ဂါထာ ရှိရာမှာ ယခုဖော်ပြပါ ဂါထာက အမှတ် (၁) ဂါထာပါ။ (ပကိဏ္ဏကဝိသဇ္ဇနာကျမ်း ၁၊ စာ–၅၉၂)။ မန်လည်ဆရာတော်ကလည်း ‘သမ္မောဓိထွတ်၊ တုလွတ်ဂုဏ်တော်၊ နှိုင်းမမြော်နှင့်၊ နုဘော်ဖြိုးလွှေ့၊ မုန်ညင်းစေ့တွင်၊ ဝင်၍စကြ်န်၊ သွားစံပပ၊ ရာမထဘဲ၊ နေလကိုင်မိ (မဃဒေဝ၊ ပို–၁၅)’လို့ ဖွဲ့ဆိုဖူးပါတယ်။ ပညာရှိ ဆရာတော်တွေ ရည်ညွှန်း ဖော်ပြတာကို ထောက်ရင် အရှိန်အဝါရှိတဲ့ ဂါထာတော်တွေ ဖြစ်နိုင်တယ်။ ဒါပေမယ့် ဆရာတော်တွေက မူရင်းကျမ်းကို မဖော်ပြကြဘူး။ အောင်ခြင်းရှစ်ပါး ဂါထာ၊ ရတနာ ရွှေချိုင့်ဂါထာ၊ ရှင်သီဝလိဂါထာတွေလို ရေးသူ အမည်မသိများ ဖြစ်နေမလား။

ဆုတောင်းကို ဖော်ပြတဲ့ ၁၂–ခုမြောက်ဂါထာရဲ့ နောက်ဆုံး ပိုဒ်ကိုပါ ကျက်မှတ်ထားရင် ပိုပြည့်စုံပါ လိမ့်မယ် ..

ဇတော မေ ဇယမင်္ဂလံ။

ဇတော၊ ထိုစကြဝဠာ ကမ္ဘာစဆုံး ကိုယ်တော်ဖြင့် လွှမ်းဖုံးတော်မူခြင်း အစရှိကုန်သော ဘုရားကျေးဇူး တော်တို့သည်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ကြောင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ် ပါစေသတည်း။ (ဇတော ကို အေတော လို့ပဲ အသံထွက်ပါ။ အေ့ တောလို့ အသံမထွက်ပါနဲ့)။ ❒